

၁၈၈၁ ခုနှစ်တွင် တွေ့မြင်ရသော ပဲခူး ရွှေသာလျောင်းဘုရား။ ရာစုနှစ်များစွာ သက်တမ်းရှိပြီဟု ယုံကြည်ရသော ဤဘုရားကြီးသည် ၁၇၅၇ ခုနှစ်တွင် အလောင်းဘုရားက မွန်တို့မြို့တော် ပဲခူးကို ဖျက်ဆီး စွန့်ပစ်ခဲ့ပြီးနောက် ကွယ်ပျောက်သလိုဖြစ်ခဲ့ရသည်။ ၁၈၈၀ ခုနှစ်တွင် တောအုပ်များဖုံးလွှမ်းနေသည့်အောက်မှ ပြန်လည်တွေ့ရှိခဲ့ပြီး နောက်တစ်နှစ်တွင် ပြန်လည် ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။




ရန်ကုန်မြို့ဓာတ်ရထား(၁၉၃၅ ခုနှစ်ပန်းကျင်)။ ရန်ကုန်၏ ပထမဆုံး ရေနွေးငွေ့သုံး ရထားလိုင်းကို ၁၈၈၄ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စထရန်းဟိုတယ်မှ ရွှေတိဂုံဘုရားအထိ ပြေးဆွဲခဲ့သည်။ ဓာတ်ရထားများကိုမူ ၁၉၀၆ ခုနှစ်တွင် စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ကာ၊ စင်္ကာပူ၊ မနီလာ၊ ဗန်ကောက်မြို့များနှင့် အပြိုင်ပင်ဖြစ်ခဲ့သည်။ ၁၉၃၀ ခုနှစ်များတွင် ဓာတ်ရထားများသည် တစ်မြို့လုံးအနှံ့ အများ ပြည်သူသယ်ယူပို့ဆောင်ရေးကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ခဲ့သည်။ ဓာတ်ရထားလိုင်းများမှာ ဒုတိယကမ္ဘာစစ်အတွင်းတွင် လုံးဝပျက်စီးခဲ့ခြင်းဖြစ်သည်။